ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ – ၁၁. ၇. ၁၀

## ယော ၃း၁၆ မှ "လောကီသားတို့" ဆိုသည့်စကားစုက လူသားတယောက်မကျန်ကို ဆိုလိုခြင်းမဟုတ်

(The 'World' of John 3:16 does not mean 'All men without exception,' by
Prof. David J. Engelsma)

ယုံကြည်သူတယောက်က ဘုရားသည် လူအချို့တို့ကိုသာ ကယ်တင်ခြင်းရရန် ရွေးကောက်တော်မူသည်၊ ဘုရားသခင့်ချစ်ခြင်းသည် ရွေးကောက်ခြင်းခံရသူတို့အတွက်သာဖြစ်သည်၊ ရွေးကောက်ခြင်းခံရသောသူတို့ကိုသာ ဘုရားသခင်သည် ကယ်တင်ရန် သီးသန့်ကျသောအလိုတော်ရှိသည်ဟူ၍ ဝန်ခံချက်ပြုသောအခါ၊ သူ၏ဝန်ခံချက်ကို ချက်ခြင်း ယော၃း၁၆ ဖြင့် ကန့်ကွက်ကြပါသည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" ထိုသို့ ကန့်ကွက်ခြင်းသည် ဥပဒေသတရပ်ပင် ဖြစ်လာနေပါပြီ။ ထိုသို့ ယော၃း၁၆ကို ကိုးကားသောသူက သေချာစွာပြောချင်သည်မှာ၊ ဘုရားသခင်သည် လူသားအားလုံးတယောက်မကျန်ကို ချစ်တော်မူသည်၊ ထို့ကြောင့် တယောက်မကျန်ကို ကယ်တင်ချင်ပါသည်ဟု ပြောလိုခြင်းဖြစ်သည်။ ထိုသို့ ယော၃း၁၆ကိုကိုးကားလျှက် ရွေးကောက်တော်မူခြင်းအမှန်တရားကို ကန့်ကွက်ကြရခြင်း၏ အခြေခံထင်မြင်ချက်သည် "လောကီသားတို့"( **world** = ကမ္ဘာကြီး)ဆိုသည့်စကားလုံးကြောင့်ဖြစ်ပါသည်။ ထိုစကားလုံးကဆိုလိုသည်မှာ တကမ္ဘာလုံးမှရှိရှိသမျှ တယောက်မကျန်ကို ဆိုလိုခြင်းဖြစ်သည်ဟု ထင်နေကြသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့က ဤနေရာတွင် သေချာစွာကြေညာချင်သည်မှာ ထိုသို့ ထင်မြင်ခြင်းသည် မှားပါသည်ဟုဖြစ်သည်။ ကျမ်းစာနှင့်မညီသောထင်မြင်ချက်တခုဖြစ်သည်။ ထိုသို့ထင်မြင်ခြင်းသည် ဧဝံဂေလိသတင်းကောင်းမှနေ၍ အခြေခံကျစွာ လွဲသွားသည့် သွန်သင်ခြင်းကို ရောက်စေပါသည်။ ယော၃း ၁၆မှ လောကီသားတို့(ကမ္ဘာကြီး)ဆိုသည့်စကားလုံးက "လူသားတယောက်မကျန်"ကို မဆိုလိုပါ။

ထိုသို့ယုံကြည်လျှင် အောက်ပါအချက်တို့သည် အစီအစဉ်ကျစွာ လိုက်လာကြပါမည်။

– ဘုရားသခင်သည် သူ၏သားတော်ကို လူသားတယောက်မကျန်အတွက်ပေးတော်မူသည်၊ ဆိုလိုသည်မှာ သခင်ယေရှုသည် လူသားအားလုံး၊ တယောက်မကျန်အတွက် အသေခံတော်မူသည်။

– သို့သော် ဘုရားသခင်ကချစ်သော၊ ကယ်တင်ချင်သော၊ သခင်ယေရှုက ကိုယ်စားအသေခံပေးတော်မူသော လူအမြောက်အများသည် ကယ်တင်ခြင်းကိုမရဘဲ ငရဲထဲသို့ကျဆုံးကုန်သည်။

– ထို့ကြောင့်၊ (၁) လူအမြောက်အများသည် ဘုရားသခင့်ချစ်ခြင်းနှင့် ကွဲကွာကြရသည်၊ (၂) ဘုရားသခင်၏ ကယ်တင်ချင်သောစိတ်ဆန္ဒသည် လူအမြောက်အများထံတွင် အထမမြောက်မအောင်မမြင်ဖြစ်ရသည်၊ (၃)ဘုရားသခင့်သားတော် သခင်ယေရှုသည် လူတယောက်မကျန်အတွက် အသက်အသေခံပေးသော်လည်း၊ ထိုလူအမြောက်အများကို သခင်ယေရှုသည် မကယ်တင်နိုင်ဖြစ်ရသည်။

– အဘယ့်ကြောင့် ထိုဝမ်းနည်းစရာကောင်းသောအခြေအနေ ဖြစ်လာရသနည်းဆိုသော်၊ လူအမြောက်အများက သခင်ယေရှုကို မယုံချင်ကြသောကြောင့်ဖြစ်သည်၊ သူတို့၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်အားဖြင့် ယုံကြည်ချင်လျှင် ယုံကြည်နိုင်ကြပါသော်လည်း၊ မယုံချင်ကြ။

– အခြားတဖက်မှကြည့်လျှင်၊ ကယ်တင်ခြင်းကိုခံကြရသူများ အဘယ်ကြောင့် ကယ်တင်ခြင်းခံကြရသနည်းဆိုသော်၊ ဘုရားသခင်က သူတို့ကို ချစ်၍မဟုတ်ပါ၊ သူတို့ကိုကယ်ချင်သောဆန္ဒရှိ၍လည်းမဟုတ်၊ သူ၏သားတော်ကို သူတို့အတွက်အသေခံရန် ပေးတော်မူ၍လည်း မဟုတ်ပါ၊ (အဘယ်ကြောင့်ဆိုသော် ငရဲထဲသို့ ကျသောသူများကိုလည်း ဘုရားသခင်က ချစ်တော်မူပါသည်၊ သူတို့၏ကယ်တင်ခြင်းအတွက်လည်း ဆန္ဒရှိတော်မူပါသည်၊ သူတို့အတွက်လဲ သူ၏သားတော်ကို ပေးထားပါသည်)။ အဘယ်ကြောင့် ကယ်တင်ခြင်းရကြသနည်းဆိုသော် သူတို့၏ကိုယ်ပိုင်လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်နှင့် ယုံကြည်ဖို့ရာ ရွေးချယ်ကြသောကြောင့်ဖြစ်ပါသည်။

– နိဂုံးချုပ်အနေနှင့်၊ အပြစ်သားအမြောက်အများ ငရဲထဲသို့ကျရခြင်းသည်၊ ဘုရားသခင်ရှုံးခြင်းဖြစ်သည်၊ ဘုရားသခင်အတွက် စိတ်ပျက်စရာဖြစ်သည်၊ တချိန်ထဲတွင် လူအမြောက်အများ ကယ်တင်ခံရခြင်းသည် သူတို့ ၏ ကိုယ်ပိုင်လုပ်သောအလုပ်ကြောင့်သာဖြစ်သည်ဟုသာ ပြောရပါတော့မည်။

ယောခုး၁၆ကို လူအားလုံးတယောက်မကျန်အတွက်ဟု ထင်မြင်သူများက ထိုကျမ်းပိုဒ်ကို ဤသို့ဖတ်ကြပါသည်၊ "အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူသားတယောက်မကျန်ကို ချစ်တော်မူသည်၊ ထို့ကြောင့် သူသည် သူ၏သားတော်ကို လူသားတယောက်မကျန်အတွက် အသေခံပေးရန် ပေးတော်မူသည်၊ ထိုသို့ပြုတော်မူသည့်အခါ လူသားတယောက်မကျန် ကယ်တင်ခြင်းရကြရန် အလိုဆန္ဒရှိတော်လျှက် ပြုခြင်းဖြစ်သည်၊ ထို့ကြောင့် သားတော်အား မိမိ၏ကိုယ်ပိုင်လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်နှင့် ရွေးချယ်ယုံကြည်သူသည်၊ ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်။" ထိုသို့ဖတ်ခြင်းသည် အလွန်မှားနေပါသည်။

ရှင်ယောဟန်ခရစ်ဝင်မှ "လောကီသားတို့"( **world** = ကမ္ဘာကြီး)ဆိုသည့်စကားလုံးက လူသားတယောက်မကျန်ကို မရည်ညွှန်းပါ၊ သက်သေများကိုကြည့်ပါ။

– ယော၁း၂၉၊ "ဤလောက(ကမ္ဘာကြီး)၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကို ကြည့်လော့။" သခင်ခရစ်တော်သည် မိမိ၏အသေခံခြင်းဖြင့် လူသားတယောက်မကျန်၏အပြစ်များကို ယူဆောင်သွားပါသ လား ? ယူဆောင်သွားပါသည်ဆိုလျှင်၊ လူသားတယောက်မကျန်သည် ကယ်တင်ခြင်းရမည်ဖြစ်သည်။

– ယော ၆း၃၃၊ "ဘုရားသခင်၏မုန့်မူကား၊ ကောင်းကင်မှဆင်းသက်၍၊ လောကီသား(ကမ္ဘာကြီး)အား အသက်ကိုပေးသောမုန့်ပေတည်း။" သခင်ယေရှုသည် လူသားတယောက်မကျန်အား တကယ့်အသက်ရှင်ခြင်းကို ပေးတော်မူပါသလား? ပေးတော်မူလျှင် လူသားတယောက်မကျန်သည် ထာဝရအသက်ကိုရမည်ဖြစ်သည်။

– ယော ၁၇း၉၊ "(သခင်ယေရှုကပြောသည်) လောကီသားတို့(ကမ္ဘာကြီး)အဖို့အလို့ငှာ ဆုတောင်းသည်မဟုတ်။" သခင်ယေရှုက လူသားတယောက်မကျန်အတွက် ဆုမတောင်ဘူးဟုပြောနေသည်မဟုတ်ပါလား?

ဤနောက်ဆုံးကိုးကားသောကျမ်းပိုဒ်ကပြနေသည်မှာ၊ "လောကီသား(ကမ္ဘာကြီး)"ဆိုသည့်စကားလုံးသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းထဲတွင် အမြဲတမ်း တခုတည်းသောအဓိပ္ပါယ်ကို မပြောပါဆိုသည့်အချက်ဖြစ်သည်။ ယော ၃း၁၆ တွင်၊ ကမ္ဘာကြီးကိုဘုရားသခင်က ချစ်သည်၊ ထို့သို့ချစ်သောကြောင့် ထိုကမ္ဘာကြီးအတွက် သူ၏သားတော်ကို ပေးသည်။ ယော ၁၇း၉ တွင်၊ ထိုကမ္ဘာကြီးအတွက် ဘုရားသခင်၏သားတော်က ဆုတောင်းပေးဖို့ ငြင်းဆန်သည်။ ထို့ကြောင့် ယုံကြည်သူသည် ယော၃း၁၆ ကို အလျှင်အမြန်ထင်မြင်ချက်မပြုသင့်ပါ၊ ကျန်ရှိသောကျမ်းစာတို့နှင့် သေချာစွာလေ့လာလျှက် အနက်ဖွင့်ရပါမည်။

ထိုသို့ဆိုလျှင် ယော၃း၁၆ကပြောနေသော ကမ္ဘာကြီးသည် ဘာဖြစ်မည်နည်း? ဘုရားသခင်က သူ၏ဘုရားသခင်နှင့်သာဆိုင်သော၊ တန်ခိုးကြီးလှသော၊ အကျိုးရလဒ်ကိုဖြစ်စေသော၊ သစ္စာရှိသော၊ ထာဝရအချစ်နှင့် ချစ်သော ကမ္ဘာကြီး၊ အားလုံးကိုလား? တယောက်မကျန်ကိုလား?

တန်ဖိုးကြီးလှသော၊ ထိုက်တန်လှသော၊ စွမ်းအားအပြည့်နှင့်ဖြစ်သော၊ အကျိုးအာနိသင်ကိုတကယ်ဖြစ်စေသော ဘုရားသခင့်သားတော်၏သေခြင်းဖြင့် ကယ်တင်ထားသောကမ္ဘာကြီးဖြစ်ရာ၊ အားလုံးကိုလား? တယောက်မကျန်ကိုလား?

ယောဟန် ၁၆ ကပြောသောကမ္ဘာကြီးတွင်ပါဝင်သောသူတို့သည်၊ အကျိုးအာနိသင်ကိုတကယ်ဖြစ်စေသော ဘုရားသခင်၏ချစ်ခြင်းနှင့် သူတို့အတွက် ကယ်တင်ခြင်းရရန်အသေခံပေးသော သခင်ခရစ်တော်၏သေခြင်းကြောင့်၊ ကယ်တင်ခြင်းရကြသည်။ တချိန်ထဲတွင် ပျက်ဆီးခြင်းငရဲသို့ရောက်ကြသောသူတို့သည် ဘုရားသခင်က မချစ်သောသူများ၊ သခင်ခရစ်တော်က မကယ်တင်သောသူများဖြစ်ကြသည်၊ ဆိုလိုသည်မှာ ယောဟန် ၁၆ က ပြောသော ကမ္ဘာကြီးတွင် မပါကြသူများ ဖြစ်ကြပါသည်။

ယောဟန် ၁၆ ကပြောသော ကမ္ဘာကြီးသည်(ဂရိဘာသာဖြင့်၊– ကော့စမော့စ်ဟုခေါ်သည်၊ ကျွန်တော်တို့၏ စီစဉ်တကျဖြစ်သော၊ ဟန်ချင်ညီသော၊ စကြာဝဠာစနစ်ကြီးကိုဆိုလိုပါသည်) ဘုရားသခင်က အစအဦး၌ ဖန်ဆင်းထားသောအရာဖြစ်ပါသည်။ ယခုချိန်တွင်တော့ အပြစ်ကြောင့် စီစဉ်တကျမရှိတော့ပါ၊ တိုင်းပြည်အသီးသီးမှ ရွေးကောက်ထားသူတို့အပါအဝင်၊ သဘာဝအားဖြင့် ဘုရားသခင့်အမျက်တော်ခံရကြသောသူများဖြစ်နေကြပါသည်။ ယော ဟန် ၁၆ ကပြောသည့် ကမ္ဘာကြီးဆိုသည်ကို လူများအနေနှင့်ကြည့်လျှင်၊ သခင်ယေရှုခရစ်တော်၌ရှိကြသော "လူမျိုးနွယ်သစ်"(new humanity)ကိုပြောနေခြင်းဖြစ်ပါသည်။ ထိုသခင်ခရစ်တော်ကို နောက်ဆုံးအာဒံ ဟုခေါ်ပါသည် (၁ကော ၁၅း၄၅)။ ရှင်ယောဟန်က ထိုလူမျိုးနွယ်သစ်ကို "ကမ္ဘာကြီး"ဟုခေါ်ပါသည်၊ ဂျူးလူမျိုးတို့သာမဟုတ်၊ ကမ္ဘာ့နိုင်ငံအသီးသီးမှလူမျိုးတို့လဲ ပါဝင်သည်ဟု အထူးပြု၍သိစေချင်သောကြောင့် ထိုစကားလုံးကို သုံးခြင်းဖြစ်သည်(ဗျာ ၇း၉)။ ထို့ကြောင့် ယောဟန် ၁၆ ကပြောသော ကမ္ဘာကြီးတွင်ပါဝင်သူတို့သည်၊ ယုံကြည်သူဖြစ်လာကြမည့်သူများသာ ဖြစ်ကြပါသည်(ယုံကြည်သောသူအပေါင်းတို့ဟု ပြောထားသည်)။ ရွေးကောက်ခြင်းခံရကြသူတို့သာ ယုံကြည်လာကြပါသည် (တမန် ၁၃း၄၈)။။။။

++++++++++++

### ဗျာဒိတ်ဖွင့်ပြချက်

(Doctrine according to godliness, Rev. Ronald Hanko၏စာအုပ်မှ Revelation ကိုဘာသာပြန်ပါသည်)

ဘုရားသခင်ပြုတော်မူသောအရာများထဲမှ အံ့ဩစရာအကောင်းဆုံးသည် သူ့ကိုယ်သူ ကျွန်တော်တို့ထံ ဖွင့်ပြ၊ဖေါ်ပြတော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်က သူ့ကိုယ်သူ ဖွင့်ပြတော်မူခြင်းကိုယ်၌က ကြီးမြတ်လှသော အံ့ဩစရာဖြစ်ပါသည်။ သူသည် မိမိဘာသာနှင့်မိမိ လုံလောက်ပြည့်စုံနေသူဖြစ်ပါသည်။ သူ့ကိုယ်သူမှလွဲ၍ အခြား မည်သူ့ကိုမျှ၊ မည်သည့်အရာကိုမျှ လိုအပ်သူမဟုတ်ပါ။ ထိုသို့ဖြစ်လျှက်နှင့် သူ့လက်တော်ဖြင့် လုပ်သောအရာများအားလုံးထဲတွင် သူ့ကိုယ်သူ ဖေါ်ပြဖွင့်ပြတော်မူရန် ရွေးချယ်တော်မူခြင်းဖြစ်ပါသည်။

ထို့ထက်ပို၍ အံ့ဩစရာကောင်းသည်မှ ဘုရားသခင်သည် ကျွန်တော်တို့ထံသို့ သူ့ကိုယ်သူ ဖွင့်ပြတော်မူခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ဖန်ဆင်းခံများသာဖြစ်ကြပါသည်၊ သူ၏လက်တော်ဖြင့် ပြုလုပ်ထားခြင်းခံရသူများသာ ဖြစ်ကြပါသည်၊ သူ၏ရှေ့တော်မှောက်တွင် ဖုန်မှုန့်ထက်ပင်သေးသူများဖြစ်ကြသည်။ သူသည် အနန္တတန်ခိုးတော်ရှင်၊ အတိုင်းအဆမဲ့၊ ထာဝရဘုရားသခင်ဖြစ်တော်မူသည်။ မည်သို့မျှနားလည်၍ မကုန်နိုင်သူ ဖြစ်တော်မူသည်။ သို့သော် သူသည် မိမိကိုယ်ကိုငှင်း၊ မိမိ၏ဘုန်းအသရေကိုငှင်း ကျွန်တော်တို့ကသိနိုင်ရန် ပြုတော်မူပါသည်။

အထူးသဖြင့်၊ ၁တိမေ၁၆အရ၊ သူသည် မည်သူကမျှ မမြင်ဘူးသောသူ၊ မမြင်နိုင်သူ၊ ဝိညာဉ်သက်သက်ဖြစ်တော်မူပါသည်၊ ထာဝရပင် ကျွန်တော်တို့၏မျက်လုံးများဖြင့် မြင်၍မရသူဖြစ်ပါသည်၊ ထို့ကြောင့် ဗျာဒိတ်ဖွင့်ပြတော်မူခြင်းသည် အံ့ဩစရာတခုဖြစ်ကြောင်း သိသာနေပါသည်။ အင်မတန်ကြီးမြတ်သူသည် လူသားဘာသာစကားကို၊ ကျွန်တော်တို့နားလည်နိုင်သောအဆင့်ဖြင့် ရိုးရိုးကလေး ပြောပြနေခြင်းသည် မယုံနိုင်စရာပင်ကောင်းလှပါတော့သည်။ ကဲလ်ဗင်းက၊ ဘုရားသခင်သည် မိဘများမှ သူတို့ကလေးငယ်ကလေးကို ချော့မြူရန် စကားပြော

သလို၊ ကျွန်တော်တို့ထံ ပြောတော်မူခြင်းဖြစ်သည်ဟု ပြောပါသည်။ ၎င်းသည် ဗျာဒိတ်ဖွင့်ပြခြင်း၏ အံ့ဩစရာကောင်းခြင်းဖြစ်သည်။

အံ့ဩစရာကောင်းရသည့်အကြောင်းမှာ မိမိတို့၏စိတ်နှင့်နှလုံးသားများကို ဘုရားသခင့်ထံသို့ ပိတ်ထားကြသော အပြစ်သားများထံ၊ ဘုရားသခင်သည် သူ့ကိုသိလာနိုင်ရန် ပြုတော်မူခြင်းဖြစ်သည်။ ထိုအချက်မှနေ၍ ကျွန်တော်တို့သည် ဗျာဒိတ်ဖွင့်ပြတော်မူချက်၏အံ့ဩစရာကောင်းမှုနှင့် ကျေးဇူးတော်၏အံ့ဩစရာကောင်းမှုတို့အကြားဆက်နွယ်မှုကို သိနိုင်ကြပါသည်။ ဗျာဒိတ်ဖွင့်ပြတော်မူချက်၏ရည်ရွယ်ချက်မှာ ဘုရားသခင့်လူတို့ ကယ်တင်ခြင်းရကြရန်ဖြစ်ပါသည်။

ထိုအချက်က ဘုရားသခင်သည် သူ့ကိုယ်သူဖွင့်ပြတော်မူသည့်အခါ ခြားနားသောနည်းလမ်းများဖြင့် ဖွင့်ပြတော်မူကြောင်းကို သိလာစေပါသည်။ ဘဲလ်ဂျစ်ခံယူယုံကြည်ချက်က ဆာလံ ၁၉ကပြောသကဲ့သို့ ဘုရားသခင်မိမိကိုယ်ကိုဖွင့်ပြခြင်းနည်းလမ်း နှစ်မျိုးရှိသည်ဟုပြောပါသည်။ ဖန်ဆင်းထားသောအရာများမှနေ၍၎င်း၊ ကျမ်းစာတော်မြတ်မှနေ၍၎င်း ဖြစ်ပါသည်။ အခြားသောနည်းလမ်းများလည်း ရှိပါသေးသည်။ ဘုရားသခင်သည် မိမိကိုယ်ကို သမိုင်းထဲတွင် ဖေါ်ပြတော်မူပါသည်။ ကမ္ဘာ့သမိုင်းသည် သူ၏သမိုင်းကြောင်းဖြစ်ပါသည်။ လူတိုင်း၏ဩတ္တပ္ပစိတ်များထဲတွင်လည်း မိမိကိုယ်ကို ဖေါ်ပြတော်မူပါသည်။ ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်သည် မိမိကိုယ်ကို အိမ်မက်များ၊ ဗျာဒိတ်များ၊ ကောင်းကင်တမန်များနှင့်အခြားသောအကြောင်းအရာများဖြင့် ဖေါ်ပြတော်မူပါသည်။

ဖန်ဆင်းထားသောအရာများမှဖေါ်ပြတော်မူခြင်းကို ဘဲဂျစ်ခံယူယုံကြည်ချက်က "အလွန်ပင်ရသမြောက်တင့်တယ်လှပသည့် စာအုပ်သဖွယ်"ဟုခေါ်ပါသည်။ ပန်းချီဆရာ(သို့)ပန်းပုဆရာက သူ၏အနုပညာကို ဖေါ်ပြသကဲ့သို့ ဘုရားသခင့်အလုပ်များကလဲ ဘုရားသခင့်အကြောင်းကိုပြောပြနေကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုကဲ့သို့သော ဘုရားသခင့်ဖွင့်ပြတော်မူချက်သည်၎င်း၊ သမိုင်းထဲတွင်ဖွင့်ပြတော်မူချက်နှင့် လူတိုင်း၏ဩတ္တပ္ပစိတ်များထဲတွင် ဖွင့်ပြတော်မူချက်တို့သည်၎င်း၊ ကယ်တင်ခြင်းမခံရသောအပြစ်သားများအတွက်မူ ကြောက်လန့်စရာခြောက်လှန့်နေသောစာအုပ်တအုပ်သာဖြစ်နေပါသည်။ ကယ်တင်ခြင်းမခံရသည့်အပြစ်သားတယောက်သည် ထိုဘုရားသခင့်ဖွင့်ပြတော်မူချက်တို့အထဲတွင် ဘုရားသခင့်အမျက်တော်နှင့်တရားစီရင်ခြင်းမှလွဲ၍ မည်သည့်အရာကိုမှ မဖတ်နိုင်ပါ(မတွေ့နိုင်ပါ)၊ ထိုအကြောင်းကြောင့်ပင် သူသည် ထိုဖွင့်ပြတော်မူချက်များကို ဖျက်ဆီးပစ်ပါသည်၊ သူ့ထံမှနေ၍ ဘေးဖယ်ပစ်ပါသည် (ရောမ ၁း၂၅)။

ကျမ်းစာမှနေ၍သာ ဘုရားသခင်သည် သခင်ယေရှုခရစ်တော်အားဖြင့် သူ့လူများ၏ကယ်တင်ရှင်အဖြစ်မိမိကိုယ်ကို ဖွင့်ပြဖေါ်ပြတော်မူပါသည်။ ထိုအတွက်ကြောင့် ဗျာဒိတ်ဖွင့်ပြတော်မူချက်အကြောင်းကို စဉ်းစားကြသည့်အခါ ကျွန်တော်တို့သည် အထူးဖြင့် ကျမ်းစာကိုသာ ရည်ညွှန်ကြခြင်းဖြစ်သည်။

ဘုရားသခင်ကို ကျမ်းစာအားဖြင့် သိကြပြီးသည့်အခါ၊ ဖန်ဆင်းခြင်းနှင့် သမိုင်းကြောင်းတို့မှ ဖေါ်ပြနေသော ဘုရားသခင့်ဖွင့်ပြတော်မူချက်များသည်လည်း ကျွန်တော်တို့အတွက် အကျိုးရလဒ်များကိုဖြစ်လာစေပါသည်။ ကဲလ်ဗင်း၏အကြံပေးချက်အရဆိုလျှင်၊ "ကျမ်းစာသည် မျက်မှန်နှင့်တူပါသည်၊ ၎င်းမှတဆင့် ကျွန်တော်တို့သည် ဖန်ဆင်းထားသောအရာများထဲတွင်လဲ ဘုရားသခင်၏ချစ်ခြင်းနှင့်ကျေးဇူးတရားကို တွေ့မြင်နိုင်ကြပါသည်။" ကျမ်းစာက ကျွန်တော်တို့အား နံက်ခင်းနေရောင်တွင်၊ ကြာပန်းပွင့်များတွင်၊ မျိုးစေ့များ၊ တောင်ကုန်းတောင်တန်းများတွင် ကြီးမြတ်သော ဘုရားသခင်၏ ကယ်တင်ခြင်းနှင့်ကျေးဇူးတရား၏ သက်သေများကိုတွေ့မြင်နိုင်ရန် သင်ပေးပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ထို"အလွန်ပင်ရသမြောက် တင့်တယ်လှပသည့် စာအုပ်သဖွယ်"ဖြစ်သည့် ဖန်ဆင်းခြင်းကို ဖတ်တတ်ရန် သင်ယူကြပါမည်။ ကျမ်းစာထဲတွင်ရှိသည့်ဘုရားသခင့်စကားများဖြစ်သည့် ပို၍အရေးကြီးသောစာအုပ်ကို မပစ်ပယ်ဘဲ နေကြရပါမည်။ ထိုကျမ်းစာတွင် ကျွန်တော်တို့သည် သူ၏သားတော်အား

ဖြင့် ကျွန်တော်တို့ထံ ကျေးဇူးကြီးလှစွာ မိမိကိုယ်ကို ဖွင့်ပြတော်မူနေသော ဘုရားသခင်ကိုသိလာကြရန် သင်ယူနိုင်ကြပါသည်။။။။